# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၆၀/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်။



ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၃၀)ရက်ရှိသွားပါပြီ။

“××× တပ်မတော်ပြိုကွဲရေး၊ တပ်မတော်နဲ့ပြည်သူ စိတ်ဝမ်းကွဲရေးအတွက်ဆိုတာ ကျမတခါမှ မလုပ်ခဲ့ဘူး၊ ကျမအမြဲပြောတယ်။ တပ်မတော်နဲ့ ပြည်သူကြားထဲမှာ စိတ်ဝမ်းကွဲရေးဆိုတာ ပြည်သူဘက်၊ နိုင်ငံရေးပါတီတွေဘက်ကသာ လုပ်နိုင်တာမဟုတ်ပါဘူး။ တပ်မတော်ဘက်ကလည်း လုပ်နိုင်တယ်။ တပ်မတော်ဘက်က လုပ်ပုံ၊ ကိုင်ပုံ မမှန်ကန်လို့ရှိရင်၊ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံ မမှန်လို့ရှိရင်လည်း ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာ သိပ်စိတ်ဝမ်းကွဲနိုင်ပါတယ် ××× ကျမအတန်တန်ပြောပါတယ်။ တပ်မတော်ပြိုကွဲရေးကို မလိုလားပါဘူး။ တပ်မတော်တည်တံ့ခိုင်မြဲမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမယ်ဆိုတာ ကျမတို့လက်ခံထားပြီးသားပါ။ တပ်မတော်နဲ့ ပြည်သူကြားထဲမှာ စိတ်ဝမ်းကွဲရေးကိုလည်းမလိုလားပါဘူး။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲနေလို့သာ ကျမတို့တိုင်းပြည် ဒီလောက်တောင် ဒုက္ခရောက်နေတာပါ။ ဒါကြောင့်မို့လို့ ကျမအတန်တန်ပြောပါတယ်။ တပ်မတော်ရဲ့ အာဏာကို အလွဲသုံးစားလုပ်တဲ့ သူများသာလျှင် ပြည်သူနဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်နေတဲ့သူတွေပဲ။ ကျမတို့ အနေနဲ့ တခါမှ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင် မလုပ်ခဲ့ပါဘူး ×××”

*(၁၉၈၉ခုနှစ်၊ မတ်လ ၂၆ ရက်နေ့၊ ရန်ကုန်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ ကောက်နုတ်ဖော်ပြပါသည်။)*

## ယနေ့ သတင်းများ

၁။ ဖမ်းဆီးခံခဲ့ရသည့် ဆန္ဒပြသူအချို့ ပြန်လွှတ်၊ ခေါင်းဆောင်များစွာ ပြန်မလွှတ်သေး
၂။ လူမိုက်တို့ သွားရာလမ်းဆိုတဲ့ တရားတော်
၃။ ဒု-ဗိုလ်ချုပ်ကြီး သိန်းစိန်ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်၊ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်ကို ရာထူးတိုး
၄။ သံဃာတော်အရေခြုံထောင်ထွက်များဟု စစ်အစိုးရစွပ်စွဲမှုအပေါ် သံဃာတော်များ တုံ့ပြန်ချက်
၅။ ဒေါ်စုနှင့်တွေ့ဆုံခွင့်ပေးရန် အဖွဲ့ချုပ်တောင်းဆို
၆။ မိစ္ဆာဒိဋ္ဌိတွေကို ဝိုင်းပယ်ကြရန် ဗကသများအဖွဲ့ချုပ်က တောင်းဆို
၇။ အဲယားပုဂံလေကြောင်းခရီးစဉ်များ ရပ်ဆိုင်းရတော့မည်
၈။ ဆန္ဒပြပွဲနှင့် ပတ်သက်ပြီး ဖမ်းဆီးထားသူ [၇၀]ကျော်ကို ပြန်လွှတ်ပေး
၉။ သံဃာဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ် ဖွဲ့စည်း

## ဖမ်းဆီးခံခဲ့ရသည့် ဆန္ဒပြသူအချို့ပြန်လွှတ်၊ ခေါင်းဆောင်များစွာ ပြန်မလွှတ်သေး

*ဗွီအိုအေ၊ ၂၇ အောက်တိုဘာလ၊၂၀၀၇*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့တွေ့ဆုံစကားပြောခဲ့တယ်ဆိုတဲ့ အောက်တိုဘာလ ၂၅ ရက်နေ့ကပဲ၊ ပြီးခဲ့တဲ့ ဆန္ဒပြမှုတွေမှာ ပါဝင်သူ အနည်းဆုံး ၇၀ ကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒီအကြောင်း စုံစမ်းထားသမျှ ဦးသားညွန့်ဦးက တင်ပြထားပါတယ်။

လွှတ်မြောက်လာသူ အနည်းဆုံး ၇၀ ဦးထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ၅၀ လောက်ပါတယ်လို့ သိရပါတယ်။ ဒီအထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဲန်အယ်လ်ဒီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှဖေနဲ့ အခြား အဲန်အယ်လ်ဒီ မြို့နယ်အဖွဲ့ဝင်တွေပါတယ်လို့ အဲန်အယ်လ်ဒီ အသိုင်းအဝိုင်းကတဆင့်သိရပါတယ်။ သိရသလောက် သူတို့အများစုဟာ အင်းစိန်ထောင်ကနေ ပြန်လွှတ်လာကြတာပါ။ သူတို့ဖမ်းဆီးခံရတာကတော့ ပုံစံအမျိုးမျိုးနဲ့ပါ။ အချို့က ဆန္ဒပြပွဲမှာ အချို့ကလမ်းပေါ်မှာ အချို့ကတော့ နေအိမ်တွေမှာ ဖမ်းဆီးခံကြရတာပါ။ စစ်ကြောရေးစခန်းအသီးသီးမှာ ဖမ်းဆီးခံရသူတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ ကျောင်းသားတွေ ဘေးကပါဝင်တဲ့ သာမန်ပြည်သူတွေစသဖြင့် အမျိုးအစားတွေခွဲခဲ့တယ်လို့ လွှတ်မြောက်လာသူတွေက ပြောခဲ့ပါတယ်။ ဖမ်းဆီးခံရသူတွေဟာ ဒီ စစ်ကြောရေးစခန်းတွေမှာ အတော်လေး နေရေးထိုင်ရေး ခက်ခဲသလို၊ နှိပ်စက်ညှင်းပမ်းခံရမှုတွေလည်း ရှိနေတယ်လို့ ကြားရပါတယ်။ အခုလွှတ်မြောက်လာသူတွေထဲမှာတော့ အဲန်အယ်လ်ဒီက ဦးလှဖေကလွဲရင် ထင်ထင်ရှားရှား ခေါင်းဆောင်ပိုင်းတွေ သိပ်မတွေ့ရဘူးလို့ဆိုရမှာပါ။ အဲန်အယ်လ်ဒီက ပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်တဲ့ ဦးမြင့်သိန်း၊ ပြန်ကြားရေး ဦးဟန်ဇော် စသူတွေမတွေ့ရသေးသလို၊ တိုင်းရင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ဦးကျင်ရှင်ထန်၊ ဦးထောင်ကိုထန်း၊ နောက် အမျိုးသားရေးဦးဝင်းနိုင် စသူတွေလည်း ပြန်လွှတ်လာပြီလို့ မကြားရသေးပါဘူး။ အဲန်အယ်လ်ဒီက ဦးမြင့်သိန်း အခြေအနေနဲ့ပတ်သက်လို့ ဦးမြင့်သိန်းရဲ့ ဇနီးဖြစ်သူကို မေးကြည့်ပါတယ်။

"ဦးမြင့်သိန်းကတော့ ပါမလာသေးဘူး။ နေ့လည် ၂ နာရီလောက်က လွှတ်ကြတာ၊ အဲန်အယ်လ်ဒီ က ၅၀ ကျော်လောက်ပါတယ်။ အန်ကယ်ဦးလှဖေကတော့ နေ့ခင်းက လွှတ်တဲ့ထဲမပါဘူး။သူ့ကို ည ၁၀နာရီ နီးပြီးတော့ ခေါ်တော့ – သူတို့ကတော့ လွှတ်တယ်လို့တော့ မပြောဘူး – အဲဒါနဲ့ အိမ်လမ်းဖက်ရောက်တော့မှပဲ အိမ်ကို ည ၁၂ နာရီလောက်ရောက်မှပဲ သူ့ကို လွှတ်တယ်ဆိုတာ သိရတယ် တဲ့။"

ဗွီအိုအေ။ ။ ဦးမြင့်သိန်းနဲ့ပတ်သက်လို့ ကျန်းမာရေးရော ဘာကြားမိသေးလဲ။

"ပြန်လာတဲ့လူတွေက သူနဲ့ တစ်ခန်းကျော်နှစ်ခန်းကျော် နေကြတာပေါ့၊ သူတို့ကတော့ လာပြောကြတာပေါ့၊ ကျန်းမာရေးက မကောင်းတော့ ထောင်ကပေးတဲ့ ဆန်ပြုတ်ပဲ သောက်နေရတာ။ ဆန်ပြုတ်ကတော့ သိတဲ့အတိုင်း ဆန်နဲ့ရေနဲ့ ပြုတ်ထားတာ။"

ဗွီအိုအေ။ ။ အခု လွှတ်တဲ့လူတွေလည်း ကြားနေရတယ်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်လည်း စကားပြောနေတယ်ဆိုတော့ ဦးမြင့်သိန်း ဒီကြားထဲ လွှတ်လာလိမ့်မယ်ရော မျှော်လင့်ထားသလား။ –

"အဲလိုပဲ ဒီနေ့လည်း ဖုန်းဆက်မေးကြတာပေါ့၊ ဦးမြင့်သိန်းပါလာလားလို့။ မပါလာသေးဘူးလို့။ စောင့်နေတာပေါ့၊ ဒါပေမယ့် သိပ်တော့အားမရှိဘူး၊ ရုံးပိတ်ရက်ကြီးလေ။ ဒါပေမယ့်လည်း သူတို့မှာက ရုံးပိတ်ရက်တွေလပြည့်ရက်တွေမရှိပါဘူး။"

ဖမ်းဆီးခံထားရတဲ့ အဲန်အယ်လ်ဒီက ဦးမြင့်သိန်းရဲ့ ဇနီးဖြစ်သူကို ဆက်သွယ်မေးမြန်းခဲ့တာပါ။ စစ်အစိုးရကတော့ သူတို့အနေနဲ့ ဖမ်းဆီးထားသူအတော်များများကို အကြိမ်ကြိမ်ပြန်လွှတ်ပေးခဲ့ပါပြီလို့ပြောပေမယ့်၊ အတိုက်အခံတွေကတော့ ဖမ်းဆီးခံရသူအရေအတွက်ဟာ စစ်အစိုးရကြေညာနေတာထက်ပိုပြီး လူရဟန်းအားလုံးပေါင်း ၆ ထောင်လောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။ ■

---

## လူမိုက်တို့ သွားရာလမ်းဆိုတဲ့ တရားတော်

*ဒီဗွီဘီ၊ ၂၂ အောက်တိုဘာလ၊၂၀၀၇*

သီတဂူဆရာတော် အရှင်ဉာဏိဿရဟောကြားတဲ့ လူမိုက်တို့သွားရာလမ်း တရားတော်ဟာ မြန်မာနိုင်ငံထဲမှာ အထူးရေပန်းစားလူကြိုက်များနေကြောင်း ရန်ကုန်နှင့်မန္တလေးနေ ရဟန်းပြည်သူတွေက ပြောပြပါတယ်။ လူမိုက်တို့သွားရာလမ်း တရားတော်ကို ဆရာတော်ဉာဏိဿရက အခုလ (၁၃) ရက်နေ့က မြင်းခြံမြို့မှာ ဟောကြားခဲ့တာပါ။ တရားတော်ရဲ့အနှစ်ချုပ်ကတော့ ရဟန်းသံဃာတော်တွေကို သံဆူးကြိုးတွေနဲ့ ပိတ်ပင်တားမြစ်ပြီး လာဒ်လာဘပိတ်အောင်ဆောင်ရွက်နေသူတွေဟာ ခေတ်သစ် လူမိုက်တွေဖြစ်ပြီး အဝိဇ္ဇာငရဲကို ကျမယ်ဆိုတဲ့ တရားတော်ဖြစ်ပါတယ်။ ဒီဗွီဘီကရရှိထားတဲ့ ဒီတရားတော်ထဲက ဆရာတော်ဟောခဲ့တဲ့ ခေတ်သစ်လူမိုက်လက္ခဏာတွေကို ကောက်နုတ် ထုတ်လွှင့်ပေးလိုက်ပါတယ်။

"မင်းတို့ လုပ်နေတာတွေ မှားနေတယ် ပြောလို့ရှိရင်လဲ ပြောတာကို လက်မခံဘူး။ ပြောတဲ့လူကို ဘာဖြစ်တယ် စိတ်ဆိုးတယ်။ အဲဒါ လူမိုက်လက္ခဏာလေးပါး။ အဲဒါတွေက (၁) နည်းမှားတွေကို ကျင့်သုံးတယ်။ (၂) သူများတွေကိုလဲ နည်းမှားတွေကို လုပ်ခိုင်းတယ်။ (၃) အဲဒီ နည်းမှားကြီးကို သိပ်တန်ဖိုးထားတယ်။ (၄) မှားနေပြီလို့ပြောရင် ပြောတဲ့လူကို ရန်ရှာတယ်။ အဲဒါ ဘာလက္ခဏာလဲ။ လူမိုက် လက္ခဏာ။ မင်္ဂလသုတ်က အသေ ဝနာစ ဗာလာနံ ။ လူမိုက်ကို မမှီဝဲနဲ့။"

လောလောဆယ် မြန်မာနိုင်ငံထဲမှာ ရေပန်းစားလူကြိုက်များနေတဲ့ သီတဂူဆရာတော် အရှင်ဉာဏိဿရဟောကြားတဲ့ လူမိုက်တို့သွားရာလမ်း တရားတော်ထဲက လူမိုက်အကျင့်စရိုက် (၄) ပါးကို ကောက်နုတ်ပေးခဲ့တာပါ။ အသံအရည်အသွေး မကောင်းတာကိုတော့ အနူးအညွတ်တောင်းပန်လိုပါတယ်။ ဆရာတော်ဟောခဲ့တဲ့လူမိုက်လက္ခဏာ (၄) ပါးကို ပြန် ပြောရမယ်ဆိုရင်တော့

၁။ နည်းမှားတွေကိုပဲ ကျင့်သုံးနေသူ

၂။ သူများတွေကိုလဲ နည်းမှားတွေကျင့်သုံးဖို့ ခိုင်းစေသူ

၃။ နည်းမှားတွေကိုပဲ တန်ဖိုးထားတတ်သူ

၄။ မှားတာကို မှားနေပြီလို့ ဝေဖန်ပြောသူရှိရင် အဲဒီလူအပေါ် စိတ်ဆိုးရန်ရှာသူ ဒီ အကျင့်စရိုက်ရှိသူတွေဟာ ခေတ်သစ်လူမိုက်တွေလို့ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဘုရားဟောကိုမှီငြမ်းပြီး ဟောကြားခဲ့တာပါ။ ဆရာတော်အဓိကထား နမူနာပြဟောခဲ့တာကတော့ မလုပ်သင့်မလုပ်ထိုက်တဲ့အရာဖြစ်တဲ့ သံဃာတော်တွေအပေါ် ပိတ်ပင်တားမြစ်သူတွေ ဘယ်လို အဝီစိငရဲ ကျရတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ■

---

## ဒု–ဗိုလ်ချုပ်ကြီး သိန်းစိန်ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်၊ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်ကို ရာထူးတိုး

*ခေတ်ပြိုင်၊ ၂၅ အောက်တိုဘာလ၊ ၂၀၀၇*

မကြာသေးခင်ကကွယ်လွန်သွားသည့် နအဖစစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏နေရာတွင် ခေတ္တဝန်ကြီးချုပ် ဒု–ဗိုလ်ချုပ်ကြီး သိန်းစိန်ကို တရားဝင်ခန့်အပ်လိုက်ကြောင်း နအဖစစ်အစိုးရက ထုတ်ပြန်ကြေညာသည်။

ယမန်နေ့ နေ့စွဲဖြင့် ထုတ်ပြန်သည့်ထိုအမိန့်ကြေညာချက်ကို နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထုတ်ပြန်ခြင်းဖြစ်ပြီး ဝန်ကြီးချုပ်ခန့်အပ်ခြင်းနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များ ပါရှိခြင်းမရှိချေ။

ပြီးခဲ့သည့်မေလ ဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူနေစဉ် ဒု–ဗိုလ်ချုပ်ကြီး သိန်းစိန်ကို ခေတ္တဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယခုလ (၁၂) ရက်တွင် ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန်က ဝန်ကြီးချုပ်ဖြစ်လာခြင်းဖြစ်သည်။

ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးတက္ကသိုလ် (ဒီအက်စ်အေ) အပတ်စဉ် (၉) ကျောင်းဆင်းဖြစ်ပြီး ရွှေတြိဂံတိုင်းမှူး။ စစ်ရေးချုပ်။ အတွင်းရေးမှူး (၂)။ အတွင်းရေးမှူး (၁) နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခု စစ်အစိုးရအာဏာသိမ်းပြီးနောက်ဖြစ်လာသည့် (၅) ယောက်မြောက် ဝန်ကြီးချုပ်ဖြစ်သည်။

ဒု– ဗိုလ်ချုပ်ကြီး သိန်းစိန်နေရာတွင် နအဖအဖွဲ့ဝင် ဒု–ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးကို အတွင်းရေးမှူး(၁) အဖြစ် ခန့်အပ်လိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်နအဖစစ်အစိုးရတို့အကြား ဆက်ဆံရေးဝန်ကြီးအဖြစ်ခန့်အပ်ခံထားရသည့် အလုပ်သမားဝန်ကြီးဌာန ဒု–ဝန်ကြီး ဦးအောင်ကြည်

ကို ဝန်ကြီးအဖြစ် ရာထူးတိုးပေးလိုက်ကြောင်းကိုလည်း စစ်အစိုးရက ကြေညာ ထားသည်။

ထို့အပြင် ကာကွယ်ရေး။ အမှတ် (၂) စက်မှု။ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနများအတွက် ဒု–ဝန်ကြီးများအဖြစ် ဗိုလ်ချုပ်သိန်းဌေး။ ဗိုလ်ချုပ်ကျော်စွာခိုင်နှင့် ဗိုလ်ချုပ်သိန်းထွန်းတို့ကို ယမန်နေ့က ခန့်အပ်လိုက်သည်။ ■

---

## သံဃာတော်အရေခြုံထောင်ထွက်များဟု စစ်အစိုးရစွပ်စွဲမှုအပေါ် သံဃာတော်များ တုံ့ပြန်ချက်

*ဗွီအိုအေ၊ ၂၇ အောက်တိုဘာလ၊၂၀၀၇*

ပြီးခဲ့တဲ့စက်တင်ဘာလ သံဃာလှုပ်ရှားမှုတွေမှာ အဓိကဦးဆောင်တဲ့ သံဃာတပ်ပေါင်းစုက ဦးဆောင်သံဃာအများစုဟာ သင်္ကန်းအရေခြုံထားတဲ့ ထောင်ထွက်တွေဖြစ်တယ်လို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်တွေကို တနေ့က လျှောက်ထားခဲ့ပါတယ်။

ဒီလျှောက်ထားချက် အပြည့်အစုံကိုလည်း အစိုးရထုတ် သတင်းစာတွေမှာ ဖော်ပြပါတယ်။ ဒါပေမယ့် ဒီပြောဆိုချက်တွေနဲ့ပတ်သက်ပြီးတော့ သံဃာမဟာနာယကအဖွဲ့ ဆရာတော်တွေရဲ့ သဘောထားတွေကိုမသိရပေမယ့် အခြားသံဃာတော်တွေကတော့ အတော်လေးကို မကျေမချမ်း ဖြစ်ခဲ့ရတာတွေ့ရပါတယ်။ ဒီအတွက်လည်း ပြည်ပရောက်သံဃာတော်တွေကတော့ ဗုဒ္ဓဘာသာသာသနာကို ကာကွယ်ဖို့ သံဃာဦးသျှောင်အဖွဲ့ ဖွဲ့ဖို့ဆိုတာကိုလည်း စည်းဝေးတိုင်ပင်နေကြောင်းသိရပါတယ်။

ဝန်ကြီး သူရဦးမြင့်မောင်ရဲ့ အခုလိုစွပ်စွဲပြောဆိုတာတွေနဲ့ ပတ်သက်လို့ ပြည်ပကသံဃာတွေရဲ့သဘောထားတွေကို ဦးသားညွန့်ဦးက တင်ပြထားပါတယ်။

ပြီးခဲ့တဲ့ သံဃာလှုပ်ရှားမှုတွေနဲ့ပတ်သက်လို့ မြန်မာစစ်အစိုးရက တရားဝင်သတင်းစာရှင်းလင်းပွဲတွေ ခုထိမလုပ်တဲ့တိုင်အောင် အစိုးရ သတင်းစာဆောင်းပါးတွေနဲ့တစ်မျိုး၊ အခုလို သူရဦးမြင့်မောင်က သံဃာ့မဟာနာယကဆရာတော်ကြီးတွေထံလျှောက်တဲ့ အခုလိုပြောဆိုမှုတာတွေကို သတင်းစာမှာဖော်ပြတာတစ်ဖုံ၊ ပြီးခဲ့တဲ့ သံဃာလှုပ်ရှားမှုတွေကို အမျိုးမျိုး အပြစ်တင်ဝေဖန်တာတွေတော့ နောက်ပိုင်းမှာ ပိုလို့လုပ်လာတာတွေ့ရပါတယ်။ သံဃာလှုပ်ရှားမှု နှိမ်နင်းတဲ့အချိန် ဘုန်းကြီးကျောင်းတိုက်တွေကို လုံခြုံရေးတပ်တွေဝင်ရောက်စီးနင်းရှာဖွေတဲ့အပေါ်မှာလည်း သာသနာအကျိုးအတွက်လုပ်တယ်လို့ တုံ့ပြန်ပါတယ်။ ဒီထက် ပြင်းထန်တဲ့ စွပ်စွဲချက်ကတော့ အခုဦးဆောင်တဲ့သံဃာအများစုဟာ ထောင်ထွက်ရဟန်းတုတွေလို့ ပြောဆိုခဲ့တဲ့ကိစ္စတွေပါ။ ထောင်ထွက်ရဟန်းတွေဆိုတာကတော့ ပြီးခဲ့တဲ့ ၁၉၉၀ ခုနှစ်က သံဃာတော်တွေက အခု စစ်အစိုးရကို ပထမဆုံးအကြိမ် ကံဆောင်သပိတ်မှောက်စဉ်ဖမ်းဆီးခံခဲ့ရတဲ့သံဃာတွေပါ။ ဒီတော့ သူတို့စွပ်စွဲသလို သံဃာတွေဟာ အတုအယောင်ပဲလား၊ ၁၉၉၀ ခုနှစ်ကံဆောင်ပွဲမှာ ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် ၇ နှစ်ချမှတ်ခံခဲ့ရကာ ပြန်လွတ်ပြီး အမေရိကန်ပြည်ထောင်စုမှာ သီတင်းသုံးနေတဲ့ အရှင်အဂ္ဂဓမ္မကို ကျနော် လျှောက်ထားမေးမြန်းကြည့်ပါတယ်။

"ဒီပုဂ္ဂိုလ်တွေက ပါရာဇိကကျတဲ့ပုဂ္ဂိုလ်တွေလည်း မဟုတ်ဘူး၊ သိက္ခာချတဲ့ ပုဂ္ဂိုလ်သံဃာတော်တွေလည်း မဟုတ်ဘူး။ သူတို့ကို အတင်းလူဝတ်လဲခိုင်းပြီးတော့ အကျဉ်းထောင်ဝန်းထဲမှာထားပေမယ့် အဲဒီသံဃာအားလုံးဟာ ဒီသိက္ခာပုဒ်တွေနဲ့ မပျက်မဆီးဘဲနဲ့ စောင့်ရှောင်ထိန်းသိမ်းပြီးတော့ ထောင်တွင်းမှာ အကျဉ်းအကြပ်ခံပြီးတော့ ဒုက္ခဆင်းရဲမျိုးစုံခံပြီးတော့ နေလာခဲ့တယ်ဆိုတော့၊ သူတို့နဲ့တည့်တဲ့ပုဂ္ဂိုလ်တွေကိုကျတော့ ရဟန်းအစစ်တဲ့ဗျ။ သူတို့နဲ့မတည့်တဲ့ပုဂ္ဂိုလ်တွေကျတော့ ရဟန်းအတုတဲ့။ အဲဒီလို ရဟန်းအတုအစစ် ခွဲလိုက်ခြင်းအားဖြင့် သူတို့မှာ လူသတ်ကံမှတစ်ပါး အခုဆိုလို့ရှိရင် သံဃာ့သင်းခွဲတဲ့ကံကြီးပါ ဖြစ်လာပြီပေါ့ဗျာ။"

ဗွီအိုအေ။ ။ တပည့်တော်ကို ဦးပဥ္စင်းရဲ့ အတွေ့အကြုံလေး ပြန်ပြောပြပါလား။ အရှင် အဂ္ဂကို ဒီ ၁၉၉၀ ကံဆောင်ပွဲလုပ်တုန်းက ဖမ်းတုန်းက သူတို့ ဘယ်လို လူဝတ်လဲခဲ့တာလဲဘုရား။ –

"ည ၁၂ နာရီခွဲလောက်မှာ ကျောင်းတိုက်ကို လာဝိုင်းပြီးတော့ ခေါ်လိုက်ခဲ့ပါတဲ့။ ဘာလဲဆိုတော့ တပည့်တော်တို့ စစ်ဆေးတဲ့အခါကျလို့ရှိရင် အရှင်ဘုရား အပြစ်ရှိမရှိသိရအောင်ပါဆိုပြီးတော့ လာခေါ်တယ်။"

ဗွီအိုအေ။ ။ ဦးပဥ္စင်း အဲဒီတုန်းက ဘယ်ကျောင်းမှာလဲဘုရား။ ဦးပဥ္စင်းတို့ကို စစ်ကြောရေးလည်းရောက်ရော သူတို့ကဘယ်လို လူဝတ်လဲခဲ့တာလဲဘုရား။ ဦးပဥ္စင်းတို့လက်ခံခဲ့လား။

"ကျောက်ကုန်းကျောင်းက မရဏ်သရထအဆောင်မှာ ကျောင်းဘုန်းကြီးပဲ၊ ဟိုမေးဒီမေး လျှောက်မေးတာပေါ့ဗျာ၊ သူတို့ လိုချင်တဲ့ဟာတွေ။"

ဗွီအိုအေ။ ။ တင်ပါ၊ အဲဒီအချိန်မှာ ဦးပဥ္စင်းကို သင်္ကန်းပေးဝတ်ထားတုန်းပဲလား။ လူဝတ်လဲလိုက်ပြီလား သူတို့က။ –

"သင်္ကန်းဝတ်ကြီးနဲ့ မျက်နှာကိုသင်္ကန်းနဲ့ပဲစည်းပြီးတော့ လက်ကိုတော့ လက်နောက်ပြန်ထားတာပေါ့ဗျာ။ လူဝတ်လဲပါတဲ့။ ဟာ မဝတ်နိုင်ဘူးလို့ဆိုတော့ သူတို့ လဲရမလားတဲ့။ မင်းတို့လဲလည်း ငါကရဟန်းကရဟန်းပဲလို့။ နောက်တစ်နေ့မှာပေါ့ဗျာ၊ သူတို့ ထောင်ထဲခေါ်မယ့်အချိန်မှာ လက်နှစ်ဖက်ကိုတုတ်၊ တစ်ယောက်က အဝတ်ကို ချွတ်၊ ကိုတော်ကြီးတဲ့ အခုတော်တော် ကြည့်လို့ကောင်းသွားတာပဲတဲ့။ ဒီအဝတ်လေးနဲ့ပေါ့နော်။ အဲဒီလို သရော်သလိုလို ပြောင်သလိုလို အဲဒီလိုမျိုးလုပ်ပြီးတော့ အဲဒီမှာ လက်ထိပ်ခတ်ပြီးတော့ အင်းစိန်ထောင်ကို ပို့လိုက်တာပဲ ဦးပဥ္စင်းကို။ သူတို့ဘယ်လိုပဲလုပ်လုပ်၊ ကိုယ်ကရဟန်းအဖြစ်က ထွက်ချင်တာမဟုတ်ဘူးလေ၊ ဘယ်လိုပဲလုပ်လုပ် ရဟန်းက ရဟန်းပဲပေါ့ဗျာ။"

ဗွီအိုအေ။ ။ ဦးပဥ္စင်းကို အဲဒီလို ပြစ်ဒဏ်ချလိုက်တော့ ဘာပြစ်ဒဏ်နဲ့ ချလိုက်လဲခင်ဗျ။ –

"ပတ္တနိကုဇ္ဇနကံဆောင်လို့ဆိုပြီးတော့ အဲဒီလိုမျိုး သူတို့ ချလိုက်တာပဲ။ ဘာမှပြောလို့ဆိုလို့လဲမရဘူး။ စစ်ခုံရုံးမှာချတဲ့အခါ ချတော့။"

ဗွီအိုအေ။ ။ ဦးပဥ္စင်းတို့ ပြန်ထွက်လာတဲ့အခါကျတော့ ရဟန်းအနေနဲ့ ကျောင်းတွေမှာပြန်နေတဲ့အခါကျတော့ရော သက်ဆိုင်ရာသံဃာ့မဟာနာယကတွေ၊ မြို့နယ်တွေက အဲဒီအချိန်က ဘာပြောခဲ့လဲ။ ပြန်လက်ခံခဲ့လားဘုရား။

"လက်ခံပါတယ်။ ဦးပဥ္စင်းတို့က အင်မတန် ကံဆိုးတာပဲတဲ့။ ငါတို့လည်းပဲ အမျိုးမျိုးတောင်ဆိုပေးတယ်ပေါ့နော်၊ မင်းတို့ဒီလိုဖြစ်နေတဲ့အခါကျတော့။"

ဗွီအိုအေ။ ။ တင်ပါဘုရား၊ အခုတော့ သာသနာရေးဝန်ကြီး ဦးမြင့်မောင်က အဲဒီတုန်းကထွက်ခဲ့တဲ့ကိုယ်တော်တွေကို ရဟန်းအတုတွေပါလို့ ပြောနေပါတယ်ဘုရား။

"သုရမြင့်မောင်ဆိုတာက စစ်တိုက်လို့ရတဲ့ သူရဗျ။ အဲဒီ စစ်တိုက်လို့ရတဲ့ သူရဘွဲ့ဟာ သာသနာတော်နဲ့ မပတ်သက်ပါဘူး။ သာသနာရဲ့ ဝိနည်းတော်တွေကိုလည်းပဲ သူ မသိပါဘူး။ အဲဒီလို မသိတဲ့ပုဂ္ဂိုလ်ကို သာသနာတော်အတွက် ဦးစီးဦးဆောင် လုပ်ခိုင်းထားတယ်ဆိုတော့ ဘယ်လောက်လွဲမှားနေမလဲဆိုတာ ဒကာကြီးတို့ စဉ်းစားရင်းနဲ့ အဖြေပေါ်လိမ့်မယ်လို့ ဦးပဥ္စင်း ပြောလိုတာပေါ့ဗျာ။"

သာသနာရေးဝန်ကြီး ဦးမြင့်မောင်ရဲ့ တနေ့က ဒီလျှောက်ထားချက်တွေဟာ ဗုဒ္ဓဘာသာမဟုတ်သူတွေရဲ့ဘာသာရေးအပေါ် တိုက်ခိုက်မှုသဘောမျိုး သက်ရောက်နေတာကြောင့် စစ်အစိုးရခေါင်းဆောင်တွေအနေနဲ့ ဒီလို လျှောက်ထားပြောဆိုတဲ့ အသုံးအနှုန်းတွေကို သတိထားသင့်တယ်လို့ ကနေဒါမှာ သီတင်းသုံးနေတဲ့ အရှင်ကောဝိဒကတော့ ဗီအိုအေကို အခုလို မိန့်ပါတယ်။

"ဒီလို သံဃာတော်တွေနဲ့ပတ်သက်ပြီး သုံးတဲ့နှုန်းတဲ့နေရာမှာ ဒီလောက် ကြမ်းတမ်းတဲ့စကားတွေဘာတွေနဲ့ သုံးနှုန်းဖို့သင့်ဘူး။ ဒါတွေက ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေကနေပြီးတော့ ပြောတဲ့စကားမျိုးတွေ။ အသုံးအနှုန်းတွေနဲ့ ပြောသွားတာဖြစ်တယ်။ အခု ဘုန်းကြီးတို့ သိရသလောက်ကတော့ အခု ဆန္ဒပြတဲ့သံဃာတော်တွေဟာ ဘယ်သူမှလှုံ့ဆော်မှုမရှိဘဲနဲ့ သူတို့ ပြည်သူလူထုခံစားနေရတာကိုမခံနိုင်တော့လို့ သူတို့ထွက်ပြီးဆန္ဒပြကြတာပဲ။ ဆန္ဒပြတဲ့ သံဃာတော်အများစုကလည်း အများအားဖြင့်အပြစ်ကင်းစင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။ စာသင်သားလေးတွေလေ။ အဲတော့ ဒီလို အပြစ်ကင်းစင်တဲ့ ပုဂ္ဂိုလ်တွေကို ဒီလိုစွပ်စွဲတယ်ဆိုရင် သူတို့ ဘေး ၁၀ ဒဏ်၊ ဒဏ် ၁၀ ပါး ဆိုတာရှိတယ်။ အဲဒါတွေ သူတို့မှာပြန်ခံရလိမ့်မယ်။ 'သံဃေါ လောကေ၊ သမုပ္ပံနော၊ ဟိတာယာ သဗ္ဗ ပါလိနာ' – လို့ ဟောထားတာပဲ။ သံဃာတော်တွေဆိုတာ အများအကျိုးအတွက် ဆောင်ရွက်ဖို့ဖြစ်လာကြတာ။ အဲဒီလိုဖြစ်နေတဲ့အခါကျတော့ သံဃာတော်တွေကမနေသာလို့ ပြည်သူလူထုဖက်ကရပ်တည်ပြီးတော့ ထွက်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့မေတ္တာပို့ လမ်းလျှောက်ဆန္ဒပြကြတာပဲ။ ဖိနပ်တောင် မစီးကြဘူး။ အဲဒါကို နိုင်ငံရေးသမားတွေကမြှောက်ပေးလို့ပါ၊ သံဃာတော်တွေက ဆူပူအောင်လုပ်ပါတယ်ဆိုပြီးတော့ စွပ်စွဲတာဟာ ခုတ်ရာတခြား ချရာတခြား ပါပဲဗျာ။ ယုန်တောင်ပြေး ခွေးမြှောက်လိုက် – ဆိုတဲ့ စကားပုံလို ဖြစ်နေတယ်။ ဥပမာအားဖြင့် လက်ဇေ့ကြိုးဝိုင်းထဲမှာ ပြိုင်ဖက်ကို ကြိုးနဲ့တုတ်ထားပြီးတော့မှ စိတ်ရှိတိုင်းထိုးတဲ့ပုဂ္ဂိုလ်မျိုးလို ဖြစ်နေတယ်။ မြန်မာအမျိုးသားအချင်းချင်းပဲကွာ၊ ပြောချင်တာကတော့ ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် အငြိုးကြီးပြီး ဒီလို လုပ်နေရမလဲ၊ ဘာဖြစ်လို့တစ်ဖက်သားကို စွပ်စွဲပြီးတော့ နစ်နာစေမယ့်အလုပ်တွေ လုပ်နေရသလဲ၊ ကိုယ့်ကိုယ်ကိုပညာရှိတွေဆိုလို့ရှိရင် စဉ်းစားကြည့်ကြပေါ့ကွာ၊ ငါ့စကားနွားရ လျှောက်ပြောမယ်ဆိုလို့ရှိရင် ဒါတွေက လူကြီးလူကောင်းတွေ လုပ်တဲ့အလုပ် မဟုတ်ပါဘူးလို့ ဘုန်းကြီးကတော့ ပြောချင်ပါတယ်။"

အခုအခါမှာတော့ ပြည်ပရောက် ဗုဒ္ဓဘာသာ ဆရာတော်ကြီးတွေက ဦးဆောင်ပြီးတော့ သံဃာ ဦးသျှောင်အဖွဲ့ဆိုတာဖွဲ့ဖို့ ဆိုင်းပြင်နေတယ်လို့လည်း ကြားနေရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုမှာ သီတင်းသုံးနေတဲ့ မစိုးရိမ်ဆရာတော်ကြီးကို မေးမြန်းလျှောက်ထားကြည့်ပါတယ်။

"ပြည်တွင်းသံဃာတော်တွေကနေပြီးတော့ ပြည်ပသံဃာတော်တွေကို သာသနာရေး ပျက်မသွားအောင် ကာကွယ်ပေးပါလို့ လျှောက်ထားပါတယ်။ အဲဒါကြောင့် အခု သံဃာတော်တွေ စည်းဝေးမှာဖြစ်ပါတယ်။ အဲဒီလို စည်းဝေးပြီးတဲ့အခါကျတော့မှ သံဃာရဲ့အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီးတော့မှ သာသနာ့အန္တရာယ်ကို ကာကွယ်ဖို့အတွက် ကြိုးစားကြမှာဖြစ်ပါတယ်။"

ဒါပေမယ့်လို့ စစ်အစိုးရ သာသနာရေးဝန်ကြီး သူရမြင့်မောင်ရဲ့ စကားထဲမှာပဲ ဒီ သံဃာ့ဦးသျှောင်အဖွဲ့ကိုဘယ်လိုမှ တရားဝင်လက်ခံနိုင်စရာမရှိဘဲ၊ လက်ရှိ မြန်မာနိုင်ငံတွင်းက သံဃာမဟာနာယက အဖွဲ့သာလျှင် ဝိနည်းတွေ လုပ်ထုံးလုပ်နည်း စည်းကမ်းဥပဒေတွေနဲ့အညီ ဆောင်ရွက်တဲ့ သံဃာဂိုဏ်းပေါင်းစုံအဖွဲ့ဖြစ်တယ်လို့ ပြောဆိုနေတာတွေ့ရပါတယ်။ ■

---

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွှတ်မြောက်နယ်မြေ) ဖေဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချီလိုက်ပါသည်။

Contact: + 66 861 946 711
E-mail; shwekhamauk@gmail.com
Web site:www.shwekhmauk.wordpress.com

---

# ဒေါ်စုနှင့်တွေ့ဆုံခွင့်ပေးရန် အဖွဲ့ချုပ်တောင်းဆို

*ရေဝတီ၊ ၂၆ အောက်တိုဘာလ၊၂၀၀၇*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရဆက်ဆံရေးဝန်ကြီးတို့တွေ့ဆုံမှုမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည်လွှတ်ပေးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခွင့် ပေးရန်လိုအပ်သည်ဟု အန်အယ်လ်ဒီက ယနေ့ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အန်အယ်လ်ဒီ၏ ခေါင်းဆောင်ဖြစ်သည့်အတွက် ပါတီနှင့်တွေ့ဆုံဆွေးနွေးခွင့်ရှိပြီးမှ နအဖ ဆက်ဆံရေးဝန်ကြီးနှင့်တွေ့ဆုံပါက ပိုမိုသင့်လျော်သည်ဟု အန်အယ်လ်ဒီ ပြန်ကြားရေးတာဝန်ခံ ဦးဉာဏ်ဝင်းက ပြောသည်။

"ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့လွတ်လပ်တဲ့ ဆန္ဒကို ထုတ်ဖော်ပြောဆိုနိုင်ဖို့အတွက် သူကိုယ်တိုင်လွတ်လပ်မှုရှိဖို့ ပိုပြီးတော့ သဘာဝကျပါတယ်။ သူလွတ်လပ်မှုရှိဖို့ဆိုရင် ပြန်လွှတ်ပေးဖို့လိုပါတယ်။ ဒီအတိုင်း အရင်တုန်းကလည်း ကျနော်တို့သဘောထား ပေးခဲ့ပါတယ်"ဟု ဦးဉာဏ်ဝင်းက ရေဝတီ သို့ပြောဆိုသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ အချိန် ၁ နာရီ ကျော်ကြာတွေ့ဆုံကြောင်း စစ်အစိုးရမီဒီယာများက ဓာတ်ပုံနှင့်တကွဖော်ပြသည်။

ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သည့် လတ်တလော အလုပ်သမား ဝန်ကြီးခန့်အပ်ခြင်းခံရသော ဗိုလ်ချုပ်အောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မည်သည့်အကြောင်းအရာကို တွေ့ဆုံဆွေးနွေးကြောင်းကိုမူ စစ်အစိုးရနှင့် အစိုးရမီဒီယာများက ထုတ်ပြန်ပြောကြားခြင်းမရှိသေးပေ။

"ဒီလိုတွေ့ဆုံတာကတော့ သူတို့ရဲ့ ကြေညာချက် ၂/၂၀၀၇ အတိုင်းပေါ့လေ။ ဒါဟာ တိုးတက်မှုတခုအနေနဲ့ ကျနော်တို့ ကြိုဆိုပါတယ်။ ဘာတွေဆွေးနွေးတယ်ဆိုတာကတော့ ကျနော်တို့ လုံးဝမသိရပါဘူး။ ဒီလိုတွေ့ဆုံမယ် ဆိုတာကိုလည်း ကြိုမသိရပါဘူး"ဟု ဦးဉာဏ်ဝင်းက ဆက်လက် ပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မတွေ့ဆုံမီလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အရ တွေ့ဆုံခြင်းဖြစ်သည်ဟု ထင်မြင်ကြောင်းလည်း ၎င်းက ပြောဆိုသည်။

ဗိုလ်ချုပ်အောင်ကြည်ကို စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့်၎င်းတို့အကြား ဆက်သွယ်ရေးအတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် အောက်တိုဘာ ၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြီးသန့်ရှင်းက လက်မှတ်ထိုးခန့်အပ်၍ ထုတ်ပြန်ကြေညာခဲ့သည်။

စက်တင်ဘာ ၂၉ ရက်က မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ခရီးစဉ်



အတွင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ အီဗရာဟင်ဂန်ဘာရီ၏ အကြံပြုချက်အရ နောင်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများဆက်သွယ်လုပ်ဆောင်ရန် ယင်း ဆက်ဆံရေးဝန်ကြီးကို ခန့်အပ်ခြင်းဖြစ်သည်ဟု အောက်တိုဘာ ၉ ရက်ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။

မစတာဂန်ဘာရီသည် လာမည့်နိုဝင်ဘာလအတွင်း၌ မြန်မာနိုင်ငံသို့ နောက်တကြိမ် ထပ်မံသွားရောက်မည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုအပြီးမှစ၍ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသည်မှာ ၄ နှစ် ပြည့်ပြီးဖြစ်သည်။ ၁၉၈၉ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်များတွင်လည်း နေအိမ်အကျယ်ချုပ် ၂ ကြိမ်ကျခံခဲ့ရသောကြောင့် နေအိမ်အကျယ်ချုပ်ဘဝဖြင့် နေရချိန်စုစုပေါင်းမှာ ၁၁ နှစ်ကျော်ပြီဖြစ်သည်။ ■

---

## မိစ္ဆာဒိဋ္ဌိတွေကို ဝိုင်းပယ်ကြရန် ဗကသများအဖွဲ့ချုပ်က တောင်းဆို

*ဒီဗွီဘီ၊ ၂၈ အောက်တိုဘာလ၊ ၂၀၀၇*

ဗုဒ္ဓသံဃာတော်တွေကိုသတ်ဖြတ်ခဲ့တဲ့ နအဖစစ်အစိုးရကို မိစ္ဆာဒိဋ္ဌိတွေအဖြစ်သတ်မှတ်ပြီး ဗုဒ္ဓဘာသာအပါအဝင် ဘာသာရေးပေါင်းစုံက ဆန့်ကျင်ဝိုင်းပယ်သွားကြဖို့ (ဗကသ) ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အထက်ဗမာပြည်က တောင်းဆိုလိုက်ပါတယ်။

ဒီကနေ့မှာ အထက်ဗမာပြည် ဗကသ က ပြည်သူလူထုကို ပန်ကြားချက်နဲ့ကြေညာချက်နှစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်အကြောင်း မေးမြန်းစဉ် အထက်ဗမာပြည် ဗကသ တာဝန်ရှိသူတဦးက အခုလို နအဖကို ဝိုင်းပယ်ကြဖို့ ပြောဆိုလိုက်တာပါ။ ဗကသရဲ့ ကြေညာချက်နဲ့ တောင်းဆိုချက်ကို အဖွဲ့ဝင်ကျောင်းသားတဦး( အထက်ဗမာပြည်) ကနေ ဖတ်ကြားပေးထားတာ ဖြစ်ပါတယ်။

### "မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (အထက်ဗမာပြည် ဗကသ) ကြေညာချက် အမှတ် (၂/၂၀၀၇)။"

နအဖ အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ (၈၈) မျိုးဆက်ကျောင်းသားများ၊ ဗကသ ကျောင်းသားလူငယ်များ ၊ ရဟန်းသံဃာတော် အရှင်မြတ်များ အပြစ်မဲ့အရပ်သား ပြည်သူများကို ဖြစ်နိုင်သရွေ့ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။ နအဖ အစိုးရ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သောအန်အယ်ဒီနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများ တွေ့ဆုံရေး။ သုံးပွင့်ဆိုင် ဒိုင်ယာလော့ဖြင့် နိုင်ငံ၏ပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရန်။ ပြည်သူ့ဘဏ္ဍာကို အလဟတ်သဖြုန်းတီးနေသော အတုရောင်လူထုဆန္ဒခံယူပွဲများနဲ့ ပြည်သူလူထုက လုံးဝအယုံအကြည်မရှိသော နအဖ အစိုးရ၏ ရှိမက် လမ်းစဉ် (၇) ရပ်ကို ရပ်တန်းက အမြန်ဆုံး ရပ်တန့်ရန်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂ (အထက်ဗမာပြည် ဗကသ)။" ဗကသ အထက်ဗမာပြည်ရဲ့ကြေညာချက် ဖြစ်ပါတယ်။

အာဏာပိုင်တွေကို ဆန့်ကျင်အနေနဲ့ သူတို့ရဲ့ အလှူပွဲနဲ့ အခြားသာရေးနာရေးပွဲတွေကိုလဲ မတက်ရောက်ကြဖို့ကိုလဲ ဗကသ အထက်ဗမာပြည် ကျောင်းသားထုက အခုလို တိုက်တွန်းထားပါတယ်။

### "အထက်ဗမာပြည် ဗကသ အနေဖြင့် ရဟန်းရှင်လူ ပြည်သူလူထုသို့ နှိုးဆော်ပန်ကြားချက်။"

ရဟန်းရှင်လူ ပြည်သူလူထုအနေဖြင့် ဝါကျွတ်အခါသမယတွင် ပြုလုပ်သည့် စစ်ဖက်အရပ်ဖက် အာဏာပိုင်များနဲ့ ၎င်းတို့၏ နောက်လိုက်ကြံ့ဖွတ်စွမ်းအားရှင် လက်ကိုင်တုတ်လူမိုက်များ၏ အလှူမင်္ဂလာ သာရေးနာရေးပွဲများကို မတက်ရောက်ကြရန်။ ပြည်သူလူထု၏ အလှူမင်္ဂလာပွဲများတွင်လဲ မဖိတ်ကြားကြရန်။ ၎င်းအာဏာပိုင်များအား လူထုဆက်ဆံရေး နယ်ပယ်များအား ပယ်ဖျက်၍ သပိတ်မှောက်ကြရန်။ ငြိမ်းချမ်းစွာ သပိတ်မှောက်ကြသော ရဟန်းရှင်လူ ပြည်သူလူထု၏ ဆန္ဒပြပွဲကို ဦးဆောင်သတ်ဖြတ်နှိမ်နင်းသော စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းနဲ့ ၎င်းတပည့် ကြံ့ဖွတ်လူမိုက်တို့၏ စီးပွားရေးလုပ်ငန်းများကို အရောင်းအဝယ်မလုပ်ဘဲ သပိတ်မှောက်ကြရန်။ ပြည်သူလူထုအနေဖြင့် သံဃာတော်အရှင်သူမြတ်တို့၏ ပတ္တနိက္ကုဇ္ဇန ကံဆောင်ပွဲကိုထောက်ခံသောအားဖြင့် ကံဆောင်သံဃာတော် အရှင်သူမြတ်တို့အား ပစ္စည်းလေးပါးအလှူကို ယခင်ကထက် ဆတိုး၍ လှူဒါန်းတော် မူကြရန်။ ကံမဆောင်ရသော သံဃာတော်များအနေဖြင့်လဲ အသက်ပေးသွားကြသော အကျဉ်းကျခံနေကြရသော သံဃာ့အာဇာနည်တို့၏ ဂုဏ်ကျေးဇူးကို ထောက်ထား၍ အာဏာပိုင်တို့၏ သွေးစွန်းသောလက်ဖြင့် လှူဒါန်းသော အလှူများကို ရွံ့ရှာစက်ဆုတ်၍ အလှူမခံဘဲ သပိတ်မှောက်ကြရန်။ ရဟန်းရှင်လူ ပြည်သူလူထုသို့ အထက်ဗမာပြည် ဗကသ အဖွဲ့မှ နှိုးဆော်ပန်ကြားအပ်ပါသည်ခင်ဗျား။"

ဗကသ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂအဖွဲ့ချုပ်ရဲ့ ကြေညာချက်နဲ့ ပန်ကြားချက် ဖြစ်ပါတယ်။ ဒီကြေညာချက်နဲ့ ပတ်သက်ပြီး အထက်ဗမာပြည် ဗကသ တာဝန်ရှိ ကျောင်းသား တဦးကို ဒီဗွီဘီက အခုလို ဆက်လက် မေးမြန်းထားပါတယ်။

"ဟုတ်ကဲ့ ခင်ဗျ။ အထက်ဗမာပြည် ဗကသ ကျောင်းသား တဦးပါခင်ဗျ။ သီတင်းကျွတ် အခါသမယဖြစ်တဲ့အတွက်ကြောင့် စစ်ဖက်အရပ်ဖက် အာဏာပိုင်တွေနဲ့ သူတို့ရဲ့ ကြံ့ခိုင်ရေး စွမ်းအားရှင် လူမိုက်တွေရဲ့ သာရေးနာရေးလုပ်ငန်းတွေမှာ ပြည်သူလူထုက မည်သူကမှ ပူးပေါင်းပါဝင်ခြင်းမရှိဘဲနဲ့ သူတို့ကို ကျနော်တို့ရဲ့လူမှုဆက်ဆံရေး နယ်ပယ်ကနေပြီးတော့ ပယ်ထုတ်ချင်ပါတယ်။ လူမှုရေး သပိတ်မှောက်တာပေါ့ခင်ဗျာ။"

---



ဒီဗွီဘီ။ ။ ကြေညာချက်တွေထုတ်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂအဖွဲ့ချုပ်ပေ့ါ တနိုင်ငံလုံးနဲ့ဆိုင်တဲ့ ဗကသကလဲ ပြောနေ ဆိုနေတယ်။ အခုလဲ အထက်ဗမာပြည် ဗကသကလဲ ဒီလိုမျိုး ပြောဆိုနေ တယ်ပေ့ါနော်။ ဆိုတဲ့အခါကျတော့ ကြေညာချက်တွေ ထုတ်ရုံတင်ပဲလား။ အခြား ခင်ဗျားတို့ ဘာတွေဆက်လုပ်သွားဖို့ ရှိအုံးမလဲခင်ဗျား။

"ကျနော်တို့ အစီအစဉ်ရှိပါတယ်။ အထက်ဗမာပြည်အနေနဲ့။ ကျောင်းသားနဲ့လူထုကြားမှာ နိုင်ငံရေးအသိတရားတွေ နိုးကြားလာဖို့ အတွက် ကျနော်တို့ လိုက်လံပြီးတော့ ပြောဆိုဆွေးနွေးကြပါတယ်ခင်ဗျ။ အဲဒီကနေပြီးတော့ ဖြစ်ပေါ်လာတဲ့အခြေအနေကို ကြည့်ပြီးတော့ လုပ်စရာရှိတဲ့ အလုပ်တွေကို ဆက်တိုက်လုပ်သွားမှာပါခင်ဗျ။"

ဒီဗွီဘီ။ ။ တချို့ဟာတွေ ပြောလို့ရရင်ပေ့ါလေ ဘာတွေလုပ်မယ် ဆိုတာကို အသေးစိပ်မဟုတ်ရင်တောင်မှ အကြမ်းဖျင်းပြောလို့ ဘာတွေရမလဲ ဘာတွေဆက်လုပ်သွားဖို့ ရှိမလဲ။

"ကျနော်တို့ ဒီလိုပဲ ငြိမ်းချမ်းစွာဆန္ဒပြတဲ့ နည်းတွေနဲ့ အလားတူ တဲ့ ကန်ပိန်းတွေကို ကျနော်တို့ဆက်အလုပ်လုပ်သွားမှာ ခင်ဗျ။ ဒါပေမဲ့ အဲဒီ အစီအစဉ်တွေကိုတော့ ကျနော်တို့ပြောလို့တော့ မဖြစ်သေးဘူးခင်ဗျ။ ဘာ ဖြစ်လို့တုန်းဆိုတော့ ပြောလိုက်တဲ့အခါမှာ မဖြစ်ရင်လဲဘဲ ပြည်သူလူထုက စိတ်ပျက်သွားမယ်။ ဖြစ်ပေါ်မလာခင်မှာလဲ အပိတ်အပင်တွေခံရတဲ့အတွက် ကျနော်တို့ မအောင်မြင်မှာလဲ စိုးရိမ်တယ်ခင်ဗျ။ ဒီလိုပဲ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ ကန်ပိန်းတွေကို ကျနော်တို့ ဆက်လက်လုပ်ဆောင်သွားမှာပါခင်ဗျ။" ■

---

## အဲယားပုဂံလေကြောင်းခရီးစဉ်များ ရပ်ဆိုင်းရတော့မည်

*ဟစ်တိုင်၊ ၂၉ အောက်တိုဘာလ၊၂၀၀၇*

စင်ကာပူဘဏ်များက ပုဂံလေကြောင်းလိုင်းနှင့် လုပ်ငန်းဆက်ဆံမှု မပြုတော့ခြင်းနှင့် နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများကြောင့် ဦးတေဇ၏ အဲပုဂံ လေကြောင်းလိုင်း၏ လေကြောင်းခရီးစဉ်ပြေးဆွဲမှုများကို နိုဝင်ဘာလ(၄) ရက် နေ့မှစ၍ ရပ်ဆိုင်းမည်ဖြစ်သည်။

အဲပုဂံ လေကြောင်းလိုင်းကို အသုံးမပြုရန် လှုံ့ဆော်နေကြသော စင်ကာပူရောက်မြန်မာများအတွက် ဤသတင်းကောင်းသည် အောက်တိုဘာ ၂၅ ရက်နေ့ဆွဲဖြင့် အဲပုဂံ အရောင်းနှင့် ဈေးကွက်မန်နေဂျာ Gopi Bala က စင်ကာပူရှိ လက်မှတ်ရောင်းကိုယ်စားလှယ်ထံပေးပို့လာသောစာဖြင့် အ တည်ဖြစ်သွားခဲ့သည်။ အီးမေးတွင် မိမိတို့လေကြောင်းလိုင်း၏ နောက်ဆုံး စင်ကာပူ ခရီးစဉ်သည် နိုဝင်ဘာ ၄ ရက်နေ့ ဖြစ်ကြောင်း အသိပေးထားသည်။ စီးပွားရေးပိတ်ဆို့မှုများကြောင့် လေယာဉ်အပိုပစ္စည်းများ ဝယ်ယူမရတော့ ကြောင်းလည်း ဖော်ပြထားသည်။

"နောက်ဆုံးထိုးနှက်ချက်က ဒီနေ့ ရောက်လာတယ်။ စင်ကာပူက ကျနော်တို့ဖောက်သည်ဘဏ်တွေက အခုကစပြီး ကျနော်တို့နဲ့ မဆက်ဆံ တော့မယ့်အကြောင်း အကြောင်းကြားလာပြီ။ ကျနော်တို့မှာ လာမယ့်လ တော်တော်ကြာဖြေရှင်းယူရမယ့် အခက်အနှောင့်အယှက်တွေ ရင်ဆိုင်နေရ တယ်"ဟု မန်နေဂျာက ရေးသားထားသည်။

လေယာဉ်ရှစ်စီးဖြင့် ပြေးဆွဲနေသော အဲပုဂံကို မြန်မာ့လေကြောင်း နှင့် ထူးကုမ္ပဏီတို့ စပ်တူပိုင်ဆိုင်ပြီး ဝန်ထမ်း (၂၅၀) ခန့်ရှိသည်။

ထူးထရေးဒင်း၏ အကြီးအကဲဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိသားစုကို အလိုဖြည့်ပေးနေသူဟု လူသိများသည့် ဦးတေဇသည် မြန်မာစစ် အစိုးရ၏အားထားရသော လက်နက်အဝယ်တော်တဦး ဖြစ်သည်။

ဦးတေဇ၏သားဖြစ်သူ ပိုင်ဖြိုးတေဇနှင့်ထက်တေဇတို့ စင်ကာပူ တွင် သုံးဖြုန်းပျော်ပါးနေသည့် သတင်းဓာတ်ပုံများမှာ အင်တာနက်တွင် ပြန့်နှံ့ လျက်ရှိသည်။ ■

---

## ဆန္ဒပြပွဲနှင့် ပတ်သက်ပြီး ဖမ်းဆီးထားသူ (၇၀)ကျော်ကို ပြန်လွှတ်ပေး

*ဒီဗွီဘီ၊ ၂၆ အောက်တိုဘာလ၊ ၂၀၀၇*

သံဃာတော်တွေဦးဆောင်တဲ့ စက်တင်ဘာ ဆန္ဒပြပွဲနဲ့ပတ်သက်ပြီး ဖမ်းဆီးထားသူတွေအထဲက လူပေါင်း (၇၀) ကျော်ကို မနေ့က အင်းစိန်ထောင် ကနေ ပြန်လွှတ်ပေးလိုက်ပါတယ်။ ပြန်လွှတ်လာသူ (၇၃) ဦးထဲမှာ အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးလှဖေ အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဝင် (၅၀) ပါဝင်ပြီး ကျန်လူတွေကတော့ အမျိုးသမီး (၁၀) ဦးနဲ့ သံဃာတော် (၁၃) ပါး ဖြစ်တယ်လို့ ပြန်လွှတ်လာသူတွေက ပြောပါတယ်။ အဖွဲ့ချုပ် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ မကွေးတိုင်း အဖွဲ့ချုပ် ဥက္ကဋ္ဌလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်နဲ့ လွှတ်တော်ကိုယ်စား လှယ် ဦးဗလတို့ကိုတော့ အင်းစိန်ထောင်မှာပဲ ဆက်လက်ဖမ်းဆီးထားဆဲ ဖြစ်ပါတယ်။ ဒါ့အပြင် မဂ္ဂင်ကျောင်းတိုက်ဆရာတော်နဲ့ ငွေကြာယံ ကျောင်းတိုက်ဆရာတော်ကြီးတွေအပါအဝင် သံဃာတော်အများအပြားကို လဲ လူဝတ်လဲပြီး အင်းစိန်ထောင်မှာပဲ ထိမ်းသိမ်းထားတယ်လို့ ပြန်လွှတ် လာသူတွေက ပြောပါတယ်။ ဆက်လက်ဖမ်းဆီးခံနေရသူတွေအထဲမှာ ဆန္ဒ ပြပွဲအတွင်း သေနတ်ဒဏ်ရာရခဲ့တဲ့ သဃ်န်းကျွန်းမြို့နယ်၊ အဖွဲ့ချုပ်လူငယ် ကိုမြသန်းထိုက်ဟာ ကျည်ဆံဒဏ်ရာကြောင့် ကျန်းမာရေး အခြေနေအတော့ ကို ဆိုးဝါးနေတယ်လို့လဲ ပြောပြကြပါတယ်။ တခြားလူအတော်များများမှာလဲ ဆန္ဒပြပွဲအတွင်း ရိုက်နှက်ခံရတဲ့ ဒဏ်ရာတွေ၊ စစ်ကြောရေးစခန်းအတွင်း နှိပ် စက်ခံရတဲ့ဒဏ်ရာတွေ ရရှိထားပေမဲ့ လုံလောက်တဲ့ဆေးဝါးကုသမှု မရရှိကြဘူး လို့လဲ ပြန်လွှတ်လာသူတွေက ပြောပြပါတယ်။ မနေ့က ပြန်လွှတ်လာတဲ့ တောင်ဒဂုံမြို့နယ်က အဖွဲ့ချုပ်ဝင် ကိုသိန်းစိုးကို ဆက်သွယ်မေးမြန်းထားပါ တယ်။ ပျဉ်းမပင် အမှတ် (၈) လုံထိန်းရဲစခန်းမှာ နေခဲ့ရစဉ် ကြုံတွေ့ခဲ့ရတာတွေ ကို စတင်ပြောပြထားပါတယ်။

"ကျနော်တို့ကို အဲဒီမှာ (၉) နေ့အထိ ထားထားတယ်။ (၉) ရက်နေ့ ကျတဲ့အခါကျတော့ ဒိုင်နာကားတွေ ရောက်လာတယ်။ ဒိုင်နာကားတွေ ရောက်လာပြီးတော့ ဘာလုပ်လဲဆိုတော့ အဲဒီမှာ အမှတ် (၃) ရဲတပ်ရင်းက မြို့နယ်မှူးခေါ်မှာပေ့ါ သုံးပွင့်နဲ့ရဲအရာရှိက ရခိုင်ဗျ။ အဲဒီ ရခိုင် ဘယ်လောက် အထိ ရိုင်းလဲဆိုလို့ရှိရင် သူတို့က အကုန်လုံးအပြင်ကိုထွက်ဆိုပြီးတော့ အကုန်လုံးဆောင့်ကြောင့်ထိုင်ဆိုပြီးတော့ ထားထားပြီးတော့ ဘာလုပ်လဲ ဆိုတော့ ကျနော်တို့အထဲမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ ပါတယ်။ ဦးဗလ ဆိုတာလဲပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်သော်

---

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***

***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

ဆိုတာလဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မကွေးတိုင်း ဥက္ကဋ္ဌလဲ ဥက္ကဋ္ဌ၊ သက်ကြီးရွယ်အို နိုင်ငံရေးသမားတွေ ပါတယ်။ အဲဒီလူတွေ အကုန်လုံးကို ငုတ်တုတ်ထိုင်ခိုင်းပြီးတော့မှ နှစ်ယောက်စီ သူနဲ့ပါလာတဲ့ ရဲတပ်ဖွဲ့က နောက်ပြန်လက်ပြန်ကြိုးတွေကို အတင်းတုပ်တာ နာပါတယ်ဆိုလဲ ပြောလို့ မရဘူး။ ကြမ်းကြမ်းတမ်းတမ်း ဝက်တုပ်၊ နွားတုပ်၊ ခွေးတုပ်၊ တုပ်တာပေ့ါ။ တုပ်ပြီးတော့မှ နှစ်ယောက်စီတွဲပြီးတော့မှ ကားထဲမှာဆောင့်ကြောင့်တွေ ထိုင်ခိုင်းတယ်ခင်ဗျ။ ဆောင့်ကြောင့်တွေထိုင်ပြီးတဲ့အခါမှာ သူတို့ ဘာပြောလဲ ဆိုတော့ မင်းတို့ယုတ်ညံ့တဲ့ စကားတွေကို တိုင်းထွာပြီးတော့ ယုတ်ယုတ်ညံ့ညံ့ စကားတွေ ပြောတဲ့။ ခေါင်းမမော်နဲ့ ခေါင်းဖော်ရင် ပစ်သတ်ပစ်လိုက်မယ်။ ဒို့က ပစ်သတ်ခွင့်အမိန့်ရထားပြီးသား ဘာညာနဲ့ ဆိုပြီး လုံထိန်းတပ်ဖွဲ့ပေ့ါနော်။ အဲဒီ အမှတ် (၃) ရဲတပ်ဖွဲ့က အရာရှိကိုယ်တိုင်က အမိန့်ပေးထားတာ။ ဒီရဲဘော်တွေ ကိုယ့်သားသမီးလောက်တွေ၊ ကလေးလောက်တွေ ရှိတဲ့ဟာတွေကအစ သက်ကြီးရွယ်အိုတွေကို မောက်မောက်မာမာ ဆက်ဆံတယ်။ ဆက်ဆံပြီးတော့ ကျနော်တို့ကို ဘယ်ခေါ်သွားလဲဆိုတော့ အင်းစိန်ကို ခေါ်သွားတယ်။ အင်းစိန် ရောက်တဲ့အခါ ကျနော်တို့ လမ်းပေါ်မှာတင် လေးနာရီခွဲလောက်ကြာတယ်။ ကြာတဲ့အခါမှာ ဒေါ်ပုံက ဦးကြည်ရှိန်ဆိုလို့ရှိရင် အန်အယ်လ်ဒီက ဥက္ကဋ္ဌပေ့ါ နော်။ သူဆိုလို့ရှိရင် နောက်နှစ်နာရီလောက်ဆို သေသွားနိုင်တဲ့အဆင့်အထိ ဖြစ်သွားတယ်။ မောပြီးတော့ အသက်ရှူတွေပါ ကြပ်လာတယ်ခင်ဗျ။ အဲဒီလို ဖြစ်ပြီးတဲ့အခါမှာ လုံးဝမှောင်သွားတော့မှ ကဲ ကားပေါ်က နှစ်ယောက်တွေ ဆင်း ဆိုပြီးတော့ ဗူးဝမှာ ထိုင်ခိုင်းတယ်။ ထိုင်ခိုင်းပြီးတော့မှ ကျနော်တို့ ဆီမှာ ပါလာတဲ့ ပစ္စည်း၊ ပစ္စယတွေ သူတို့ စာရင်းဇယားနဲ့ ယူပြီးတော့မှတ်တယ်။ မှတ်ပြီးတဲ့အခါ ကျနော်တို့ သီးသန့်အချုပ်ကို (၁) ဆောင်ကို ပို့လိုက်တယ်။ (၁) ဆောင်ကို ပို့ပြီးသွားတဲ့အခါမှာ ကျနော်တို့ကို သူတို့ဘာလုပ်လဲဆိုတော့ စစ်ကြောရေးဝင်တယ်ခင်ဗျ။ စစ်ကြောရေးဝင်တဲ့အခါမှာ တချို့ ပန်းဘဲတန်း မြို့နယ်က စိုးမြင့်ဆိုလို့ရှိရင် အမှတ် (၈) စခန်းတုန်းကလဲ ထိုးကြိတ်အကန်ခံရ တယ်။ သူ့ခမျာ နံရိုးတွေအောင့် ဘာတွေအောင့်၊ အသက်ရှူတောင်ကြပ်တယ်။ စစ်ကြောရေးတွေဝင်တယ်။ မင်းကုလားနဲ့ဘာဆိုင်လို့လဲ ညာဆိုင်လို့လဲဆိုပြီး ရိုက်တာတို့ နှက်တာတို့လုပ်တယ် ပြီးတော့၊ လသာမြို့နယ်က ခင်မောင်အေး ဆိုလို့ရှိရင် ခြေထောက်တွေနဲ့ တက်နင်းတယ်။ ဖနောင့်တွေနဲ့ နင်းတယ်။ မင်းဘာ ကောင်လဲ မင်းပြောစမ်းဆိုပြီး ကန်တယ်၊ ဆိုင်ကယ်စီးခိုင်းတယ်။ ခြေဖျား ထောက်ပြီးတော့ လက်ဆန့်ပြီးတော့ နေခိုင်းတယ်ခင်ဗျ။ အဲဒီလိုတွေ လုပ်တယ်။ အဲဒီလိုတွေလုပ်ပြီးတော့ ကျနော်တို့ကို ကျွေးတဲ့အခါကျတော့ရော၊ တာလ ဘောဆိုတာဗျာ ဟင်းသီးဟင်းရွက် မဟုတ်ဘူးဗျ။ ကန်စွန်းကြီးရွက်တို့ ခြံမှာ တွယ်နေတဲ့ နွယ်တွေဘာတွေကို အရည်နဲ့ ပြုတ်ထားပြီးတော့ ကျွေးတာ။ မနက် ကျတော့ ပဲဟင်းကျွေးတယ်။ အသားစားရက် ဗုဒ္ဓဟူးနေ့ကျတော့ အသားစား ဆိုတာ ကျနော်တို့ကို အမဲရွတ်ကိုကျွေးတာ။ အမဲရွတ်နဲ့ ကြက်ဥကလဲ ငုံးဥ သာသာလောက်ရှိတာ။ ကျနော်တို့ နိုင်ငံရေးအကျဉ်းသမားတွေက ဘယ်လို လုပ် ကျန်းမာရေးမှာ အားရှိနိုင်ပါ့မလဲ။ အဲဒီလို ကျန်းမာရေးတွေ ချို့တဲ့ပြီးတော့ ပိန်ညောင်ပြီးတော့ ဒုက္ခတွေရောက်၊ ကျန်းမာရေးမကောင်းတဲ့အခါကျတော့၊ ဆေးဝါးတောင်းတဲ့အခါကျတော့ ဆေးဝါးကို ဘာမီတွန်လေးပေးတာနဲ့ ပါရာစီ တယ်မော့လေးပေးတာနဲ့ပဲ အချိန်ကုန်သွားတယ်။ ကျနော်တို့ အဲဒီ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးဟန်ဇော်ဆိုလို့ရှိရင် သူကနှလုံးခွဲထားရတာ။ သူ့မှာ ဆေးတွေက အရမ်းလိုအပ်နေတယ်။ ဆေးဝါးတွေကိုတောင်းဆိုတော့ ဒီ ဆေးဝါး တွေကို သူမရဘူးခင်ဗျ။ မရပဲနဲ့ အခုဆိုလို့ရှိရင် အန်ကယ်ဦးဟန်ဇော်က အချုပ်ခန်းထဲမှာပေ့ါနော်။ အင်းစိန်အချုပ်ခန်းထဲမှာ တော်တော် အန္တရာယ် ကြီးစွာနဲ့ စိုးရိမ်ဖွယ်ရာဖြစ်နေတယ်ခင်ဗျ။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ ဆိုတော့လေ အခု ပြန်လွှတ်လာတဲ့အထဲမှာ ဘုန်းကြီးတွေလဲပါတယ်လို့ပြောတယ်။ အခုနတုန်းက ဘုန်းကြီးတွေမှာရော အဲလိုမျိုး ကိုသိန်းစိုးတို့လိုမျိုးပေ့ါ။ ကြိုးတွေတုပ်၊ နှိပ်စက်တာတွေ၊ ဘာတွေ ခံရတာ တွေ့ခဲ့ရလား။

“ခံရတယ်။ ခံရတယ်ခင်ဗျ။ ခံရတာကတော့ ဂျီတီအိုင်မှာလဲ ခံရတယ်။ ဘုန်းကြီးတွေဆိုလို့ရှိရင်လဲ ကျောကုန်းတွေမှာ အညိုအမဲစွဲနေတာပဲ။ ကျောင်းသားတွေဆိုလို့ရှိရင် ခေါင်းတွေမှာ ရစရာမရှိဘူး။ လေးချက်ချုပ်ရတဲ့ လူနဲ့ငါးချက်ချုပ်ရတဲ့လူနဲ့ကျနော်တို့ မြသန်းထိုက်ဆိုလို့ရှိရင် သဃ်န်းကျွန်း မြို့နယ်က လူငယ်ကလေးဆိုလို့ရှိရင် တင်ပါးက ဝင်သွားတယ်။ ပေါင်က ပေါက်ထွက်သွားတယ်။ ကျည်ဆံပေါက်ထွက်သွားတဲ့ မြသန်းထိုက်ဆိုတဲ့ လူငယ်လေးတယောက်ကို ဘာမီတွန်လေးပေး၊ ကီးမိုးလေးတလုံး ပေးပြီးတော့ အရက်ပျံလေးပေးရုံနဲ့ ဒီကလေးက ကျန်းမာရေးမပြည့်စုံ နိုင်ဘူးလေ။ သူ့ရဲ့အနာကြီးကလဲ မပျောက်နိုင်ဘူး။ သူ့ရဲ့ပေါင်ကြီးက ရောင် ကိုင်းပြီးတော့ ညိုနေတယ်။ ညိုပြီးတော့ အလုံးကြီးထနေတယ်။ အဲဒါကို ပြတော့ သူတို့ဘာမှပေးတယ်ဆိုတာမရှိဘူး။ အခု မြသန်းထိုက်က (၁) ဆောင် သီးသန့် အပေါ်ထပ်မှာ ကျန်ခဲ့တယ်ခင်ဗျ။ ပြီးတော့ အစားအသောက်လဲ မစားနိုင်ဘူး ဖြစ်နေတယ်။ သူ့မှာ ကိုက်ခဲနေတဲ့ဝေဒနာတွေကို ခံစားနေရ တယ်။ ပြီးတော့ ပေါင်မှာ ကျီးပေါင်းတက်သလိုဖြစ်ပြီးတော့ ရောင်ကိုင်းနေ တယ်။ ထောင်ဆရာဝန်လာတဲ့အခါမှာ ပြတဲ့အခါမှာ အရက်ပျံလေး စွတ်ပေးတာနဲ့ ကီးမိုးလေးပေးတာလေးရှိတယ်။ အရောင်ကျဆေးလေး ပေးတာပဲရှိတယ်။ အဲဒီဟာက လွဲလို့ ကျန်တာဘာမှ ပေးခြင်းမရှိဘူးခင်ဗျ။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ ခုနတုန်းက ကိုသိန်းစိုး ပြောသွားတဲ့ အထဲမှာ (၈၈) ကျောင်းသားတွေအကြောင်းလဲ နည်းနည်းလေး ပြောသွား တယ်လေ။ သူတို့နဲ့ရော တွေ့ခွင့်ရခဲ့လား။ မြင်ခဲ့ရလား။

“တွေ့ခွင့်ရလားဆို။ ကျနော်တို့က အပေါ်ကလှမ်းကြည့်လိုက်တဲ့ အခါမှာ ကျနော်တို့ရေချိုးရင် သူတို့ကိုရေချိုးမချဘူး။ သူတို့ရေချိုးချရင် ကျနော်တို့ ရေချိုးမချဘူး။ ကျနော်တို့အပေါ်က သီးသန့်အချုပ်ကနေ လှမ်း ကြည့်လိုက်တဲ့အခါမှာ သူတို့မျက်နှာလေးတွေကို ကျနော်တို့ မြင်ကြရ တယ်။ တယောက်နဲ့တယောက် အားပေးစကား မျက်နှာလေးတွေနဲ့ပဲ ဖော်ပြီးတော့ ပြကြရတာပေ့ါ။ ကြည့်တယ်ဆိုလို့ရှိရင်တော့ တိုက်ထဲမှာ (၇) ပေ၊ (၈) ပေဆိုတဲ့အခန်းလေးထဲမှာ ထည့်ထားတာကတော့ ပူမှာ ပေ့ါနော် ချိန်နဲ့ကုန်တာပေ့ါ။ ယိုင်ရွဲ့ကုန်တယ်။ အားအင်ပြတ်လာတယ်။ သူတို့ခမြာဆို ကိုမင်းကိုနိုင်ဆိုလို့ရှိရင် မုတ်ဆိတ်တွေ နှုတ်ခမ်းမွေးတွေနဲ့ တကယ့်တောပုန်းကြီးလား အောင့်မေ့ရတယ်။ ကိုဌေးကြွယ်တို့ ကိုဂျင်မီတို့ ဘာတို့ဆိုရင်လဲ အကုန်လုံးဖြစ်နေပြီးတော့ ကိုမြအေးဆိုလို့ရှိရင်လဲ ပိန်လိမ်ပြီးတော့ အာပြဲခြောက်လေးလို ငါးဖောင်ရိုးလေးလို ဖြစ်နေတယ်။ ဒီလိုတွေ မဖြစ်သင့်တော့ပါဘူးလို့ ကျနော်ကတော့ ပြောချင်တာပေ့ါနော်။ မဂ္ဂင်ကျောင်းက ဦးဇင်းပေ့ါနော် ဂျောင်းဂျောင်းပေ့ါ။ သူလဲရှိတယ်။ ပြီးတော့ ကိုသန်းနိုင်ဆိုတာလဲရှိတယ်။ ငွေကြာယံက ဆရာတော်တွေလဲ အများကြီး ရှိတယ်။ တိုက်ထဲထည့်ထားတာ။ ခြေကျင်းတွေပါ ခတ်ထားတယ်ခင်ဗျ။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ ဘုန်းကြီးတွေပုံစံလေးကို ပြောပြပါအုံး ရှင့်။ အထဲမှာ ။

“ဘုန်းကြီးတွေကိုတော့ သူတို့အဝတ်တွေ ပုဆိုးတွေလဲထား တယ်။ ဒါပေမဲ့ ဒီဆရာတော်ကြီးတွေက သိက္ခာမချတဲ့ပုံစံမှာရှိတယ်။ ပုဆိုး ဝတ်ထားတာတောင်မှ ပုဆိုးဝတ်တာနဲ့ မတူဘူးခင်ဗျ။ ဆရာတော် သံဃာ တော်တွေ သင်္ကန်းစီးထားတဲ့ သင်္ကန်းဝတ်ထားတဲ့ ပုံစံမျိုးပဲ ပုဆိုးကို လိတ်ထားတယ်ခင်ဗျ။ သိက္ခာမချဘူး။ မဂ္ဂင်ကျောင်းက ဆရာတော်ဆို ကျန်းမာရေးတော်တော်မကောင်းဘူးဖြစ်နေတယ်။ ဦးဇင်းတွေဆို အများကြီး ကျန်သေးတယ်။ မင်းတို့က ဘုန်းကြီးတွေမဟုတ်ဘူး။ လူတွေ လူတွေဖြစ်တဲ့ အတွက် ခင်ဗျာလို့ ထူးရမယ်ဆိုပြီးပြောတယ်။ မင်းတို့ ပုဆိုးတွေ အင်္ကျီတွေ ဝတ်ထားပြီးပြီ။ မင်းတို့က ဘုန်းကြီးတွေမှ မဟုတ်တာဆိုပြီးတော့ ပြော တယ်။ မင်းနဲ့ငါနဲ့ပြောတယ်၊ ဟေ့ကောင်တွေဘာတွေပြောတာ မင်းတို့က ဘုန်းကြီးတွေမဟုတ်ဘူးကွ လူတွေဖြစ်နေပြီ အဲဒီလိုပြောတာခင်ဗျ။”

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ ကျမတို့သိရသလောက်ဆို ဆန္ဒပြပွဲအတွင်း မှာ အဖမ်းခံရစဉ်တုန်းက တော်တော့်ကိုရိုက်နှက်တဲ့ ဒဏ်တွေခံခဲ့ရတယ် ပေ့ါ။ ဘုန်းကြီးတွေထဲမှာရော ဒဏ်ရာတွေ ရတာတို့ဘာတို့မရှိဘူးလားရှင့်။

"ရှိတယ်ရှိတယ်။ ကျောကုန်းတွေမှာဆိုရင် ဝါးရင်းတုတ်ရာတွေ ရဲတွေကိုင်ဆောင်တဲ့ ရာဘာဒုတ်အရာတွေဆိုတာ လူဆိုးတယောက်ကို စခန်းမှာ ကြာပွတ်တွေနဲ့ ရိုက်ထားသလား၊ အောက်မေ့ရတယ်။ အညိုအမဲတွေ စွဲနေတာပဲ။ ကျောင်းသားတွေဆိုလို့ရှိရင်လဲ ဖတ်စ်ရီးယား၊ စက္ကင်းရီးယား၊ တချို့ကျောင်းပြီးသွားတဲ့ ကလေးတွေဆိုလို့ရှိရင်လဲ ချိုဇောင်းတွေမှာ ဆိုလို့ရှိရင် လေးလက္မလောက်ရှိတယ်။ သုံးလက္မလောက်ရှိတယ်ဆိုတာ လူတိုင်းလိုလိုမှာဖြစ်နေတယ်ခင်ဗျ။ တချို့ကျောင်းသားလေးတွေဆိုရင်လဲ အနာတွေကမကျက်ပဲ ပြည်တွေတောင်ထွက်နေတယ်။ ခေါင်းထဲမှာ ခေါင်းထဲက ပြည်တွေတောင်ထွက်တယ်။ တချို့ဆို ဒဏ်ရာတွေက မပျောက်ဘူးလေ။ ရဲနေတာပဲ ခေါင်းတွေ၊ အကုန်လုံးတော်တော်များများ မနေ့က လွှတ်တဲ့အထဲမှာ ခေါင်းရိုက်ခံရတဲ့ကလေးတွေ တော်တော်များများပါတယ်ခင်ဗျ။" ■

## သံဃာဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ် ဖွဲ့စည်း

*ဗွီအိုအေ၊ ၂၈ အောက်တိုဘာလ၊၂၀၀၇*

ပီနန်းဆရာတော် ဦးပညာဝံသနဲ့ မစိုးရိမ်ဆရာတော် ဦးကောဝိဒတို့ ဦးစီးပြီး နိုင်ငံတကာရောက် မြန်မာဗုဒ္ဓဘာသာ ဆရာတော်တွေ၊ သံဃာတော်တွေ အမေရိကန်ပြည်ထောင်စုမှာ စည်းဝေးတိုင်ပင်ပြီး မနေ့က သံဃာဥသျှောင်၊ အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်ပါတယ်။ ဒီအဖွဲ့ဟာမြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာရေးရှည်တည်တံ့ရေးနဲ့ သာသနာ့အန္တရာယ်ကို ကာကွယ်ဖို့ဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုဖွဲ့စည်းတာနဲ့ပက်သက်လို့ ဦးစီးဦးဆောင်ပြုတဲ့ ပီနန်းဆရာတော် ဦးပညာဝံသကို ဦးသားညွှန့်ဦးကဆက်သွယ်မေးမြန်း ထားပါတယ်။

ဗွီအိုအေ။ ။ဆရာတော်တို့ သံဃာ့ဥသျှောင် ဖွဲ့စည်းလုပ်ပြီဆို တော့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဖွဲ့စည်းတာပါလဲဘုရား။

"အထူးရည်ရွယ်ချက်က သံဃာတော်တွေဟာ ဒုက္ခတွေရောက်၊ ဘေးအန္တရာယ်ကြုံနေရတဲ့အတွက် သာသနာကိုကာကွယ်ရေးဆိုတာကို အဓိကထား ဖွဲ့စည်းတာဖြစ်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံထဲရှိနေတဲ့ သံဃာတော်တွေရော အားလုံးက တပည့်တော်တို့ရဲ့ သာသနာတော်ကြီးဟာ ဒီအတိုင်းဆိုရင် ပျက်စီးတော့မယ်၊ ဒုက္ခလည်းရောက်နေကြပြီ၊ သံဃာတော်တွေနဲ့တကွ ပြည်သူပြည်သား၊ ကျောင်းသူကျောင်းသားတွေ သေဆုံးသွားတာလည်း မြောက်များစွာ၊ ဒီကြားထဲ နေ့ဖမ်း၊ ညဖမ်းနဲ့ဆိုတော တပည့်တော်တို့ စိတ်ချမ်းချမ်းသာသာနဲ့ အေးအေးမနေရပါဘူး။ ဒါကြောင့်မို့ အရှင်ဘုရားတို့ နိုင်ငံခြားကအဖွဲ့ ဖွဲ့စည်းပြီးတော့ တပည့်တော်တို့ကို သာသနဘေးအန္တရယ်ကြီးကို ကာကွယ်ပါလို့ တောင်းဆိုလို့ ဘုန်းကြီးတို့က ဒီအဖွဲ့ကြီးကို ဖွဲ့ရတာပါ။"

ဗွီအိုအေ။ ။မြန်မာနိုင်ငံထဲမှာ သံဃာမဟာနာယကဆိုတဲ့ အဖွဲ့လည်း ရှိပါတယ်။ ဒီအဖွဲ့နဲ့ ဆရာတော်တို့ဖွဲ့တဲ့ အဖွဲ့နဲ့ဘာများကွာခြားပါလဲဘုရား။

"သံဃာနာယက အဖွဲ့နဲ့ကွာခြားတာ ၂ မျိုးရှိတယ်။ သူတို့ရဲ့ ဆန္ဒအတိုင်းလွတ်လွတ်လပ်လပ် သာသနာတော်ကြီးကို အစွန့်ရှည်ပုံ့ပွါးဖို့ကို မလုပ်နိုင်ဘူးဖြစ်နေတယ်။ စစ်အစိုးရက ခိုင်းတာပဲလုပ်နေတဲ့အတွက် မြန်မာပြည်မှာရှိနေတဲ့ သာသနာတော်ကြီးဟာ တဖြေးဖြေး ဆုတ်ယုတ်ပျက်ပြားနေတယ်။ နိုင်ငံတကာမှာ မြန်မာပြည်ဟာ ဗုဒ္ဓဘာသာနိုင်ငံတခုအနေနဲ့ ကျော်ကြားနေပေမဲ့ အခုလို သံဃာနာယကအဖွဲ့က ရွေ့ရောက်နေတဲ့သံဃာတော်တချို့က စစ်တပ်ရဲ့ဆန္ဒကိုလိုက်လျောနေတဲ့အတွက်ဘာမှ သံဃာတော်တွေအကျိုးကို မလုပ်နိုင်ဘူး။ တချို့ သံဃာတော်တွေက သာသနာအကျိုးကို လုပ်ချင်ပေမဲ့ အရှေ့မှာမရှိတော့ ဘာမှမတက်နိုင်ဘူး။ အဲဒီတော့ သံဃာတွေကြားမှာ ၂ မျိုး ၃ မျိုးကွဲပြားနေတယ်။ ဒီအဖွဲ့အစည်းရဲ့အမည်ကတော့ ပါဠိလို သာသနာ့ မောလိ၊ အင်္ဂလိပ်လိုကတော့ International Burmese Monks Organization လို့ခေါ်ပါတယ်။ မြန်မာလိုကတော့ အပြည်ပြည်ဆိုင်ရာ မြန်မာ ရဟန်းတော်များ အဖွဲ့ချုပ် လို့ ခေါ်ပါတယ်။"

ဗွီအိုအေ။ ။တပည့်တော်တို့ ပထမကြားနေရတာက သံဃာ့ဥသျှောင်ဆိုတဲ့ အမည်ဖြစ်ပါတယ်။

"ဟုတ်ပါတယ်။ ဘုန်းကြီးတို့က နိုင်ငံတကာနဲ့ အလုပ်လုပ်ကိုင်ရမှာဖြစ်တဲ့အတွက် သံဃာ့ဥသျှောင်ဆိုတာ ကမ္ဘာကလည်း သိမှာမဟုတ်ဘူးဆိုပြီး၊ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာတော်များအဖွဲ့ဆိုတာကို အောက်မှာထားပါတယ်။ ခေါ်လို့လွယ်အောင်လို့က သံဃာ့ ဥသျှောင်ဆိုတာကိုအပေါ်မှာ ထားပါတယ်။"

ဗွီအိုအေ။ ။ အပြည်ပြည်ဆိုင်ရာက သံဃာတော်တွေအားလုံးကို ကိုယ်စားပြုမယ်ဆိုတော့ မြန်မာနိုင်ငံအတွင်းက သံဃာတွေနဲ့ရော ဘယ်လောက်အတိုင်းအတာအထိ ကိုယ်စားပြုပါလဲဘုရား။

"အခုနေကတော့ မြန်မာပြည်ထဲမှာ သံဃာတော်တွေအများကြီးက ဒုက္ခတွေရောက်နေကြတော့ ပေါ်ပေါ်ထင်ထင်နဲ့ မဆက်သွယ်နိုင်ကြတော့ လျှို့ဝှက်စွာသာ ဆက်သွယ်နိုင်ကြတယ်။"

ဗွီအိုအေ။ ။ဒီအဖွဲ့အစည်းကနေ ဘာသာသာသနာရေး ကိစ္စရပ်တွေကို ဘယ်လိုများဆက်လုပ်သွားဖို့ရှိပါလဲဘုရား။

"အခုလို သာသနာ့အန္တရာယ်ကြီးကိုကာကွယ်ပြီး၊ သာသနာတော်ကြီးကို ပြန်လည်အစစ်အမှန်ဖြစ်အောင်၊ အစိုးရအကြိုက် သာသနာတော်မဖြစ်အောင် ဘုန်းကြီးတို့က လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီကနေ့ မြန်မာပြည်မှာရှိတဲ့ သံဃာတော်များနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့ကို ဒီကနေ့မြန်မာပြည်ရဲ့ ဘေးအန္တရယ်ကြီးကိုကာကွယ်ရန် ဘုန်းကြီးတို့ နိုင်ငံကြားမှာရှိတဲ့ မြန်မာသံဃာတော်တွေဟာတစည်းထဲ တလုံးထဲ သံဃာဥသျှောင်၊ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာတော်အဖွဲ့ချုပ်၊ ဆိုတာကိုဖွဲ့စည်းပြီးကြောင်းကို ပျောက်ထားလိုပါတယ်လို့ သိစေချင်ပါတယ်။" ■

## "အသိပေးအပ်ပါသည်"

ကျွန်တော်တို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဇဟိုသတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေဖြန့်ချိလျက်ရှိသော ရွှေခမောက်သတင်းလွှာ (Shwe Khamauk Bulletin)ကို ပြည်တွင်းလူထုတိုက်ပွဲ အရှိန်မြင့်နေစဉ်အတွင်း မြန်မာပြည်သူများအနေဖြင့် အချိန်မီသတင်းရရှိရန် ရည်ရွယ်ထုတ်ဝေခဲ့ရာ ယနေ့ဆိုလျှင် အမှတ်စဉ် (၆၀)အထိ ထုတ်ဝေနိုင်ခဲ့ပါသည်။

မိမိတို့အနေဖြင့် ရွှေခမောက်သတင်း စာစောင်အား နေ့စဉ်ထုတ်ဝေရာမှ တပတ်တခါ ပုံစံဖြင့် ပြောင်းလဲထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရွှေခမောက်သတင်းလွှာအား ဖတ်ရှုကြသူများ ထပ်ဆင့်ကူးယူ ဖြန့်ချိပေးသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ရွှေခမောက် သတင်းလွှာ
ဇဟိုသတင်းနှင့်ပြန်ကြားရေးဌာန

" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "